အာရှလူမှုရေးနှင့်ပညာရေးဖေါင်ဒေးရှင်း
ဒုက္ခသည်ကူညီရေးဌာနချုပ်

# ဒုက္ခသည်အသိအမှတ်ပြုလျှောက်ထားသူများအတွက်အထောက်အပံ့(လမ်းညွှန်)

ဒုက္ခသည်ကူညီရေးဌာနချုပ် (RHQ) သည် ငွေကြေးအခက်အခဲ ဒုက္ခကြုံတွေ့နေသောဒုက္ခသည် အသိအမှတ်ပြုလျှောက်လွှာလျှောက်ထားသူများ အားကူညီထောက်ပံ့ပေးနေပါသည်။

၁။ ထောက်ပံ့ကြေးခံစားခွင့်ရှိသူ

ဒုက္ခသည်အသိအမှတ်ပြုလျှောက်လွှာလျှောက်ထားသူ ( အယူခံဝင်ထားသူအပါအဝင် ) များအနက် ဂျပန်နိုင်ငံတွင် ငွေကြေးအခက်အခဲဒုက္ခကြုံတွေ့နေပြီး စားဝတ်နေရေးချို့တဲ့ခြင်းအစရှိသောထောက်ပံ့မှုလိုအပ်သည်ဟုအသိအမှတ်ပြုခံရသူမျိုးအားကူညီထောက်ပံ့ပေးနေပါသည်။

(မှတ်ချက် ၁) (၁)တရားရေးဝန်ကြီးဌာနတွင်ပထမအကြိမ် ဒုက္ခသည်အသိအမှတ်ပြုလျှောက်လွှာကိုလျှောက်ထားသူ၊ (၂) တရားရေးဝန်ကြီးဌာနတွင် ပထမအကြိမ် ဒုက္ခသည်အသိအမှတ်ပြု လျှောက်လွှာကို လျှောက်ထား၍ အယူခံဝင်နေသူ၊ (၃) ဒုတိယအကြိမ် နှင့် အထက် ထပ်မံလျှောက်ထားသူများ အတွက် ပထမအကြိမ်လျှောက်ထားသော ဒုက္ခသည်အဖြစ် အသိအမှတ်ပြုလျှောက်ထားခြင်းကိုငြင်းပယ်ခြင်းနှင့် စပ်လျဉ်းသည့်တရားရုံးမှပယ်ဖျက်ခြင်းဆိုင်ရာ တရားစွဲဆိုမှု (ပထမတရားစွဲဆိုမှု ) ကို လုပ်နေသူများသာ ထောက်ပံ့ကြေးလျှောက်ထားခွင့်ရှိပါသည်။

(မှတ်ချက် ၂) ပိုင်ဆိုင်မှုနှင့်ဝင်ငွေရှိသူများ ၊ အလုပ်လုပ်နိုင်သူများ ၊ ဆွေမျိုးရှိသူများ ၊ မိမိကိုယ်ကိုထောက်ပံ့နိုင်စွမ်းရှိသူများ ၊ အစိုးရစသည် မှ ထောက်ပံ့ကြေးအကူအညီရရှိသူများ၊ ထို့အပြင်ထောက်ပံ့မှုလို / မလို စစ်ဆေးဆောင်ရွက်ရာတွင် ကိုက်ညီမှုမရှိကြောင်းကိုစစ်ဆေးတွေ့ရှိပါက ထောက်ပံ့မှုလိုအပ်သည်ဟုအသိအမှတ်ပြုမည်မဟုတ်ပါ။

၂ ။ ထောက်ပံ့မှုအသေးစိတ်

ထောက်ပံ့မှုလိုအပ်သည်ဟုအသိအမှတ်ပြုခံရပါကအောက်ပါအတိုင်းဖြစ်သည်။
ထောက်ပံ့မှုအသေးစိတ်သည်လက်ခံသူပေါ် မူတည်၍ ကွဲပြားနိုင်သည်။

(၁) စားစရိတ်
လူကြီး ( ၁၂ နှစ်အထက် ) တစ်နေ့ ယန်း ၁,၆၀၀
ကလေး ( ၁၂ နှစ်အောက် ) တစ်နေ့ ယန်း ၁,၂၀၀

(၂) အိမ်လခ
ပေးနိုင်သည့်အိမ်လခ အကန့်အသတ်ရှိသည်။ အိမ်လခနှင့် နေထိုင်သူ လူဦးရေပေါ်မူတည်ပြီး၊ ကွဲပြားသည်။အိမ်လခသာ ပေးနိုင်၍အခြားကုန်ကျစရိတ်များမပေးနိုင်ပါ။

(၃) ဆေးကုသစရိတ်
မူအားဖြင့်ကျန်းမာရေးအာမခံအသုံးပြုနိုင်သည့်ကုသမှု၏ကုန်ကျစရိတ်ကိုသာ ပေးနိုင်မည်။ဈေးကြီးသည့်ကုသမှုဖြစ်လျှင်မထောက်ပံ့နိုင်သည့်အခါလည်းရှိသည်။

၃ ။ ထောက်ပံ့သည့်ကာလ

သာမာန်အားဖြင့်အများဆုံး (၄) လ

၄ ။ ဆက်သွယ်ရန်

ဒုက္ခသည်ကူညီရေးဌာနချုပ်
5-1-27 Minamiazabu, Minato-ku, Tokyo 106-0047
(မြေညီထပ်တွင်စားသောက်ဆိုင်ရှိသည်)
Tokyo Metro Hibiya Line Hiroo Station (H03) Exit 4

ဖုန်းနံပါတ် ၀၁၂၀-၉၂၅-၃၅၇ (အခမဲ့)
၀၃-၃၄၄၉-၇၀၂၉

အချိန် ။ ။ ၉း၁၀ မှ ၁၂း၁၀ ၊ ၁၃း၁၀ မှ ၁၇း၀၀
စနေနေ့၊ တနင်္ဂနွေနှင့်ရုံးပိတ်ရက်များပိတ်သည်
( ကြိုတင် ဖုန်းဖြင့်ဆက်သွယ်ရန်လိုပါသည် )

